**ကုလသမဂ္ဂအမျိုးသမီးများအသင်း (ဗီယင်နာ) ၏ ဈေးရောင်းပွဲတော်တွင်**
**မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ပါဝင်ရောင်းချလှူဒါန်း**

(၁၉-၄-၂၀၂၄ ရက်၊ ဗီယင်နာ)

ကမ္ဘာတစ်ဝှမ်းရှိ အကူအညီလိုအပ်နေသော ကလေးသူငယ်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးရန်ပုံငွေအတွက် ကုလသမဂ္ဂအမျိုးသမီးများအသင်း (ဗီယင်နာ) (United Nations Women's Guild of Vienna–UNWG)က နှစ်စဉ်ကြီးမှူးကျင်းပလေ့ရှိသော ဈေးရောင်းပွဲတော်များတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့အနေဖြင့် တက်ကြွစွာ ပါဝင်ရောင်းချလှူဒါန်းလျက်ရှိရာ ယခုနှစ်တွင်လည်း ၁၉-၄-၂၀၂၄ ရက်တွင် ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ နေ့လယ်စာဈေးရောင်းပွဲတော် (UNWG International Charity Luncheon) တွင် မြန်မာအစားအစာများကို ရောင်းချလှူဒါန်းခဲ့ပါသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့်အတူ သြစတြေးလျ၊ သြစတြီးယား၊ ဘာဂီနာဖာဆို၊ ကင်မရွန်၊ ကနေဒါ၊ တရုတ်၊ အီဂျစ်၊ ပြင်သစ်၊ ဂါနာ၊ အိန္ဒိယ၊ ဂျပန်၊ ဂျော်ဒန်၊ ကာဂျစ်စတန်၊ မွန်ဂိုလီးယား၊ မော်ရိုကို၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ကာတာ၊ ရိုမေးနီးယား၊ ဆော်ဒီအာရေဗျ၊ ဆူဒန်၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ တူနီးရှားနှင့် အမေရိကန်နိုင်ငံတို့ အပါအဝင် စုစုပေါင်း (၂၆) နိုင်ငံမှ အဖွဲ့ရုံးများက ပါဝင်ဆင်နွှဲလှူဒါန်းခဲ့ကြပါသည်။

United Nations Women's Guild of Vienna သည် ၁၉၆၇ ခုနှစ်တွင် တည်ထောင်ခဲ့သော ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ လက်ရှိတွင် နိုင်ငံပေါင်း (၁၀၀) ကျော်မှ အဖွဲ့ဝင်(၅၀၀)ခန့် ပါဝင်ကြောင်း၊ UNWG အဖွဲ့ဝင်များမှာ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများမှ အမျိုးသမီးဝန်ထမ်းနှင့် ဇနီးများဖြစ်ကြပြီး၊ အခကြေးငွေမယူဘဲ စေတနာ့ဝန်ထမ်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။




UNWG ၏ Charity International Luncheon တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့မှ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးနှင့် ဝန်ထမ်းများ ပါဝင်ဆင်နွှဲစဉ်




UNWG ၏ Activities Chairwoman Mrs. Maya Subki နှင့် အမှတ်တရဓါတ်ပုံမှတ်တမ်းရိုက်စဉ်




ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာရှိ ကုလသမဂ္ဂနှင့်အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် သံတမန်များက မြန်မာ food stall တွင် ဝယ်ယူအားပေးကြစဉ်



ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာရှိ ကုလသမဂ္ဂနှင့်အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် သံတမန်များက မြန်မာ food stall တွင် ဝယ်ယူအားပေးကြစဉ်




UNWG Luncheon တွင် နိုင်ငံအသီးသီးမှ အစားအသောက်များ ရောင်းချနေစဉ်




ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာရှိ Rotunda Hall တွင် UNWG International Charity Luncheon ကျင်းပနေစဉ်